## ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း(Registering Property Indicator) ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှု အဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့်ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့် |
|---|---|---|---|---|---|
| ၁ | သက်သေခံမြေပုံ/မြေရာဇဝင်ရေးကူးခြင်း | နေပြည်တော်စည်ပင် | (၁)ပတ် | မြေကွက်တည်နေရာပေါ်မူတည်၍ (ဝ.၂၅)ကေလျှင် ၃၀,၀၀၀ ကျပ် ၂၄,၀၀၀ ကျပ် ၂၁,၀၀၀ ကျပ် ကျသင့်ပါမည်။ | **(က) အမည်ပေါက်သူမှ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားခြင်း**<br>(၁) သတ်မှတ်လျှောက်လွှာပုံစံအား အခမဲ့ရယူပြီး လျှောက်ထားရသည့် အကြောင်းကိုဖော်ပြ၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများအား ပူးတွဲတင်ပြ၍ လျှောက်ထားရပါမည်။<br>(၂) ဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က)နှင့်တိုက်ဆိုင်စိစစ်၍ မှန်ကန်မှုရှိပါက သတ်မှတ်နှုန်းထားအတိုင်း နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင်ငွေစာရင်းသို့ သွားရောက်ပေးသွင်းရန် ငွေသွင်းချလံထုတ်ပေးပါမည်။<br>(၃) ငွေသွင်းချလံ ( မူရင်း )ကို ဌာနသို့ ပြန်လည်အပ်နှံလာပါက သက်သေခံမြေပုံ / မြေရာဇဝင်အား ရေးကူးထုတ်ပေးလျှက်ရှိပါသည်။ |
| | | | (၂၄)ရက် | သတင်းစာကြော်ငြာခနှင့် မြေကွက်တည်နေရာပေါ်မူတည်၍ (ဝ.၂၅)ကေလျှင် ၃၀,၀၀၀ ကျပ် ၂၄,၀၀၀ ကျပ် ၂၁,၀၀၀ ကျပ် ကျသင့်ပါမည်။ | **(ခ) မှတ်ပုံတင်စာချုပ်အဆက်ဆက် တင်ပြ၍ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားခြင်း**<br>(၁) သတ်မှတ်လျှောက်လွှာပုံစံအား အခမဲ့ရယူပြီး လျှောက်ထားရသည့် အကြောင်းကိုဖော်ပြ၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အဆက်ဆက်မူရင်းများပူးတွဲတင်ပြ၍ လျှောက်ထားရပါမည်။<br>(၂). ဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က)နှင့်တိုက်ဆိုင်စိစစ်၍ |

## ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း(Registering Property Indicator) ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှု အဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | | မှန်ကန်မှုရှိပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်း အငြင်းပွားခြင်းရှိ/မရှိစိစစ်နိုင်ရန် လျှောက်ထားသူမှ အကုန်ကျခံယူစေပြီး နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာ(ကြေးမုံ/မြန်မာ့အလင်း) များတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်သွင်းစေပါမည်။<br>(၃) သတင်းစာတွင်ကြော်ငြာပါရှိသည့်နေ့မှစ၍ ရက်သတ္တ(၂)ပတ်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေပြင်ကွင်းဆင်းတိုင်းတာစိစစ်မှုပြုလုပ်ပြီးနောက် သတ်မှတ်နှုန်းထားအတိုင်း နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင်ငွေစာရင်းသို့ သွားရောက်ပေးသွင်းရန် ငွေသွင်းချလံထုတ်ပေးပါမည်။ {ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှု/ကန့်ကွက်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်၏ အပြီးသတ်အမိန့်ဒီကရီရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်ပါမည်။ }<br>(၄) ငွေသွင်းချလံ ( မူရင်း )ကို ဌာနသို့ ပြန်လည်အပ်နှံလာပါက သက်သေခံမြေပုံ / မြေရာဇဝင်အား ရေးကူးထုတ်ပေးလျှက်ရှိပါသည်။ |
| | | | (၂၄)ရက် | သတင်းစာ ကြော်ငြာခ မြေကွက်တည်နေရာပေါ်မူတည်၍ | (ဂ) **အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်ပတ်သက်၍မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားခြင်း**<br>(၁) သတ်မှတ်လျှောက်လွှာပုံစံအား အခမဲ့ရယူပြီး လျှောက်ထားရသည့် အကြောင်းကိုဖော်ပြ၍ |

# ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း(Registering Property Indicator) ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှု အဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | (၀.၂၅)ကေလျှင်<br>၃၀,၀၀၀ ကျပ်<br>၂၄,၀၀၀ ကျပ်<br>၂၁,၀၀၀ ကျပ်<br>ကျသင့်ပါမည်။ | ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ၊ အမည်ပေါက်နှင့်တော်စပ်ပုံ ဖော်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်မှတ်ပုံတင်စာချုပ်များပူးတွဲတင်ပြ၍ လျှောက်ထားရပါမည်။<br>(၂) ဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းပြီး ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က)နှင့်တိုက်ဆိုင်စိစစ်၍ မှန်ကန်မှုရှိပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်း အငြင်းပွားခြင်းရှိ/မရှိစိစစ်နိုင်ရန် လျှောက်ထားသူမှ အကုန်ကျခံယူစေပြီး နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာ(ကြေးမုံ/မြန်မာ့အလင်း) များတွင် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထည့်သွင်းစေပါမည်။<br>(၃) သတင်းစာတွင်ကြော်ငြာပါရှိသည့်နေ့မှစ၍ ရက်သတ္တ(၂)ပတ်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေပြင်ကွင်းဆင်းတိုင်းတာစိစစ်မှုပြုလုပ်ပြီးနောက် သတ်မှတ်နှုန်းထားအတိုင်း နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင်ငွေစာရင်းသို့ သွားရောက်ပေးသွင်းရန် ငွေသွင်းချလံထုတ်ပေးပါမည်။ {ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှု/ကန့်ကွက်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်၏ အပြီးသတ်အမိန့်ဒီကရီရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်ပါမည်။} |

ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း(Registering Property Indicator) ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှု အဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့် ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | | (၄) ငွေသွင်းချလံ ( မူရင်း )ကို ဌာနသို့ ပြန်လည်အပ်နှံလာပါက သက်သေခံမြေပုံ / မြေရာဇဝင် အား ရေးကူးထုတ်ပေးလျက်ရှိပါသည်။ |
| ၂ | ပိုင်ဆိုင်မှုတန်ဖိုးဖြတ်ခြင်း | ပြည်တွင်းအခွန်များ ဦးစီးဌာန | - | - | |
| ၃ | တံဆိပ်ခေါင်းခွန် ပေးဆောင်စေခြင်း | ပြည်တွင်းအခွန်များ ဦးစီးဌာန | - | - | |
| ၄ | စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန | - | - | |
| ၅ | အမည်ပြောင်းလျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်ရှိ/မရှိ သတင်းစာတွင် ကြော်ငြာထုတ်ဆင့်ခြင်း | နေပြည်တော်စည်ပင် | (၃)ရက် | မှတ်ပုံတင်စာချုပ်ပါ တန်ဖိုး၏ (၁၀)သိန်း ထက်မပိုသော ၁% ပေးသွင်းရပါသည်။ (အရောင်းအဝယ် စာချုပ်မှလွဲ၍ အခြား စာချုပ်များအတွက် ပုံသေနှုန်းကျပ်(၁)သိန်း ပေးသွင်းရပါမည်။) | - သက်ဆိုင်ရာအခွန်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ၏ ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားဖြင့် ဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါက သတ်မှတ်လျှောက်လွှာပုံစံကို အခမဲ့ရယူပြီး အထောက်အထားစာရွက်စာတမ်းများပူးတွဲတင်ပြလျှောက်ထားရပါမည်။<br>- သက်ဆိုင်ရာတာဝန်ခံများမှလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်တင်ပြ၍ မြို့တော်ဝန်ဦးစီးပြုလုပ်သည့်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူဆောင်ရွက်ပါသည်။ |

ပိုင်ဆိုင်မှုမှတ်ပုံတင်ညွှန်းကိန်း(Registering Property Indicator) ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍
ဆောင်ရွက်မှု အဆင့်ဆင့်

| စဉ် | လုပ်ငန်းအကြောင်းအရာ | ဆောင်ရွက်သည့်ဌာန | ကြာမြင့်ချိန် | ကုန်ကျစရိတ် | လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့် |
|---|---|---|---|---|---|
| | | | | | - စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ခွင့်ပြုမိန့်ရရှိပါက အမည်ပြောင်းခ သတ်မှတ်နှုန်းထား ကျသင့်ငွေအား နေပြည်တော်စည်ပင်ဘဏ်ရှိ ဌာနပိုင် ငွေစာရင်းသို့ သွားရောက်ပေးသွင်းရန်ငွေသွင်းချလံထုတ်ပေးပါမည်။ |
| ၆ | ပိုင်ဆိုင်သူအမည်လွှဲပြောင်းပေးခြင်း | နေပြည်တော်စည်ပင် | (၁)ရက် | - | - ငွေသွင်းချလံ(မူရင်း)ကို ဌာနသို့ ပြန်လည်အပ်နှံပါက လျှောက်ထားသူအမည်ပေါက်အဖြစ် ပြောင်းလဲသတ်မှတ်ပေးလျှက်ရှိပါသည်။ |